**ပူးတွဲထုတ်ပြန်ကြေညာချက်**

**မြန်မာနိုင်ငံ - ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တို့တွင် အင်တာနက်လိုင်းများ ဖြတ်တောက်ထားမှုကို ပြန်လည်ဖွင့်ပေးရန် တောင်းဆိုခြင်း**

ကမ္ဘာပေါ်ရှိ ကာလအကြာရှည်ဆုံး မိုဘိုင်းအင်တာနက်ဖြတ်တောက်မှုများထဲမှ တစ်ခုကို ရခိုင်ပြည်နယ်ရှိ မြို့နယ် (၄)ခုတွင် ပြုလုပ်ထားသည်။

၁၃ရက် ဖေဖော်ဝါရီလ၊ ၂၀၂၀။

ဤပူးတွဲ ထုတ်ပြန်ကြေညာချက်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း (၂၉) ခုအနေဖြင့် ချင်းပြည်နယ်ရှိ မြို့နယ်တစ်ခုနှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်(၈)ခုတွင် မိုဘိုင်း အင်တာနက် ဆက်သွယ်ရေး ဖြတ်တောက်ထားမှုကို ချက်ချင်း ပြန်လည် ဖွင့်ပေးရန် မြန်မာအစိုးရကို တောင်းဆိုလိုက်သည်။ အစောပိုင်းကာလများက မြို့နယ် (၅) ခုတွင် အင်တာနက် ဆက်သွယ်ရေး ဖြတ်တောက်ထားမှုကို ပြန်လည် ဖွင့်ပေးခဲ့ ပြီးနောက် ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် အဆိုပါမြို့နယ် (၅) ခု၌ မိုဘိုင်း အင်တာနက် လိုင်းများ ကို မြန်မာအစိုးရ က ပြန်လည် ဖြတ်တောက်ခဲ့မှုအပေါ် မိမိတို့အနေဖြင့် များစွာစိုးရိမ်ပူပန် မိသည်။

အစိုးရအနေဖြင့် အင်တာနက်ဖြတ်တောက်မှုအတွက် သင့်လျော်သည့် အကြောင်းပြချက်နှင့် အဆိုပါ ပိတ်ဆို့ဖြတ်တောက်ကန့်သတ်မှုများ လုပ်ဆောင်ရာတွင် ဥပဒေအရကျင့်သုံးသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သော သတင်းအချက်အလက်အားလုံးကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ကြေညာ ရန် မိမိတို့အနေဖြင့် မြန်မာအစိုးရကို တိုက်တွန်းလိုက်သည်။

မြန်မာအစိုးရသည် ၂၀၁၉ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ပထမဆုံးအကြိမ်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ စသည့် (၈) မြို့နယ်နှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တို့၌ မိုဘိုင်း အင်တာနက်ဆက်သွယ်မှုများကို ဖြတ်တောက်ခဲ့သည်။ စက်တင်ဘာလ (၁) ရက်နေ့တွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံနှင့် ပလက်ဝမြို့နယ်များ၌ အင်တာနက် ဖြတ်တောက်ထားမှုကို အစိုးရက ပြန်လည်ဖွင့်ပေးခဲ့သည်။

၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုပါမြို့နယ် (၄) ခုတွင် အင်တာနက်ဖြတ်တောက်မှုကို ပြန်လည်လုပ်ဆောင်ရန် အမိန့်ပေးခဲ့ကြောင်း တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများမှတစ်ဆင့် ပြည်သူများကို သတင်းပေးပို့ခဲ့သည်။ ဝန်ကြီးဌာန အနေဖြင့် အဆိုပါအမိန့်ကို ထုတ်ပြန်ရာတွင် "လုံခြုံရေးဆိုင်ရာလိုအပ်ချက်နှင့် အများပြည်သူ အကျိုးစီးပွား"ကို ရည်ညွှန်းပြောဆို ခဲ့ကြောင်း တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီက ၎င်း၏ အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် အဆိုပါ ကိစ္စနှင့်ပတ်သက်၍ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ သည်။

ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့တွင် (၈) လတာနီးပါး အင်တာနက်ဖြတ်တောက်ထားမှုသည် ကမ္ဘာပေါ်တွင် အစိုးရများကလုပ်ဆောင်ခဲ့သည့် အရှည်ကြာဆုံးသော မိုဘိုင်းအင်တာနက်ဆက်သွယ်ရေး ဖြတ်တောက်မှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ထိုကဲ့သို့အင်တာနက်ဖြတ်တောက်ထားမှုက ပဋိပက္ခဒဏ်သင့်နယ်မြေများရှိ အရပ်သားများ၊ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ပေးနေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းများကို ဆိုးဆိုးဝါးဝါး ထိခိုက်စေလျက်ရှိသည်။

အဆိုပါ အင်တာနက်ဖြတ်တောက်မှုသည် ရခိုင်မျိုးနွယ်စုများဖြင့် ဖွဲ့စည်းထားသည့် ရက္ခိုင့်တပ်တော်နှင့် မြန်မာတပ်မတော်တို့ကြား ယခုလက်ရှိ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများအပေါ် မြန်မာအစိုးရ၏ တုန့်ပြန်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဟု ထင်မှတ်နိုင်ဖွယ်ရှိသည်။ ၂၀၁၉ခုနှစ်ကတည်းက တိုက်ပွဲ များပြင်းထန်လာမှုသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အတွင်း ပဋိပက္ခဖြစ်ပွားနေသည့် မြို့နယ်များရှိ သောင်းနှင့်ချီသော အရပ်သားပြည်သူများကို နေရပ်များစွန့်ခွာ ရွှေ့ပြောင်းစေခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူ့အဖွဲ့အစည်းကို လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ ပြုမူလုပ်ဆောင်ချက်များမှ အကာအကွယ်ပေးရေးအတွက် ၂၀၂၀ခုနှစ် ဇန်နဝါရီလတွင် "ကြားဝင်စီမံ ဆောင်ရွက်မှု" အမိန့်ချမှတ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအနေဖြင့် လိုက်နာကျင့်သုံးခြင်း ရှိ/မရှိ အကဲဖြတ်ရန် ထိုကဲ့သို့အင်တာနက်ဖြတ်တောက်ထားခြင်း ပို၍ခက်ခဲစေသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီးလီက မြန်မာအာဏာပိုင်များ၏ ကန့်သတ်ပိတ်ဆို့မှုများသည် ပဋိပက္ခ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျိုးသက်ရောက်မှုကို "ပြင်းပြင်းထန်ထန်ဆိုးရွား" စေကြောင်း ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက် နေ့တွင် ထုတ်ပြန်သည့် သူမ၏ ကိုယ်စားလှယ်သက်တမ်း ပြီးဆုံးကြောင်း ထုတ်ပြန်ကြေညာ ချက်တွင် ပြောကြားခဲ့သည်။

ပထမအကြိမ် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုများ ဖြတ်တောက်သည့် ၂၀၁၉ခုနှစ် ဇွန်လ နောက်ပိုင်းတွင် လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အနေဖြင့် အင်တာနက်ဖြတ်တောက်ခံရပြီး ပဋိပက္ခ နယ်မြေအတွင်းမှလူများနှင့်ရော အဆိုပါဒေသအပြင်ဘက်မှလူများနှင့်ပါ ဆက်သွယ်ရန် လိုအပ်သည့် အခြေခံနည်းလမ်းများကို ပိတ်ပင်ခြင်းခံထားရသော အရပ်သားများအတွက် အလွန်အမင်း စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ သတင်းအချက်အလက် ရယူသိရှိနိုင်မှုအပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာမခံချက်ပေးနိုင်စေရေးအတွက် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုဖြတ်တောက်ထားမှုကို ချက်ချင်းပြန်ဖွင့်ပေးရန် အစိုးရအပေါ်

လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ တိုက်တွန်းမှုကို မိမိတို့အနေဖြင့် ပူးပေါင်းတိုက်တွန်းလိုက်သည်။ တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများကို ရပ်တန့်ရန်အတွက် တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီများကို ညွှန်ကြားချက်ထုတ်ခြင်းအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို လိုအပ်သည်ထက်ပိုပြီး လုပ်ပိုင်ခွင့်အာဏာပေးထားသည့် ဆက်သွယ်ရေးဥပဒေပုဒ်မ (၇၇)ကို ဖျက်သိမ်းရန် မြန်မာအစိုးရကို မိမိတို့အနေဖြင့် တိုက်တွန်းတောင်းဆိုလိုက်သည်။

အရေးပေါ်ကာလများတွင် တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများအပေါ် ကန့်သတ်ပိတ်ဆို့မှုသည် တရားစီရင်ရေးဆိုင်ရာ သဘောတူညီချက်အရင်ရယူပြီး ဥပဒေအရအကန့်အသတ်ဖြင့် လုပ်ဆောင်သည့်ပုံစံမျိုးဖြင့် သိုသိပ်စွာ အဓိပ္ပာယ်ဖွင့်ဆိုသင့်ပြီး ခြွင်းချက်အခြေအနေများအတွက်လည်း ဥပဒေအရ နေရာလွတ်ချန်ထားသင့်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉) တွင် မည်သည့် နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ၊ မည်သည့်သတင်းမီဒီယာမှတစ်ဆင့်ဖြစ်စေ သတင်းအချက်အလက်နှင့် အတွေးအခေါ်များကို လက်ခံရရှိနိုင်ရန်နှင့် ဖြန့်ဝေနိုင်ရန် အခွင့်အရေးအပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သည့် အခွင့်အရေးများကို အကာအကွယ်ပေးထားသည်။ ပထမအနေဖြင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အပေါ်ကန့်သတ်ချက်များသည် ဥပဒေတစ်ခု အမိန့်တစ်ခု ဖြစ်နေသည့်အစား ခြွင်းချက် တစ်ခုဖြစ်သင့်ပြီး ဥပဒေထဲတွင် ထိုကဲ့သို့ ပြဌာန်းထားသင့်သည်။ ဒုတိယအနေဖြင့် ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့စာရိတ္တ၊ အများပြည်သူ သဟာဇာတဖြစ်မှု သို့မဟုတ် အမျိုးသားလုံခြုံရေးကို ခိုင်မာသေချာအောင် ပြုလုပ်ခြင်းနှင့် အခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အကာအကွယ်ပေးခြင်း အစရှိသည့် သီးခြားအခြေအနေများတွင်သာ ကန့်သတ်ပိတ်ပင်မှုများ ထားသင့်သည်။ တတိယအနေဖြင့် ဖော်ပြပါ ရည်ရွယ်ချက်များကို အောင်မြင်ရရှိနိုင်ရန် ကန့်သတ် ချက်များကို ထုတ်ပြန်ရာတွင် လိုအပ်မှုနှင့် အချိုးကျမှုအပေါ်တွင် မူတည်သင့်သည်။ တစ်နည်းဆိုလျှင် ကန့်သတ်ပိတ်ပင်မှု အနည်းဆုံးပုံစံမျိုးဖြင့် ဖြစ်သင့်သည်။ ကန့်သတ်ပိတ်ပင်မှု တစ်ခုအတွက် အထက်ဖော်ပြပါ လိုအပ်ချက်သုံးခုသည်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ရန် လိုအပ်သည်။

ဤအခွင့်အရေးကို လူသားတစ်ဦးချင်းစီ ကျင့်သုံးနိုင်ရန် အင်တာနက်ကို "အဓိကကျသော အခြေခံနည်းလမ်း" တစ်ခုအနေဖြင့် အသိအမှတ်ပြုသတ်မှတ်ထားသည့်အတွက် လွတ်လပ်စွာ တွေးခေါ်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့နှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် က အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရန်၊ လက်လှမ်းမီမီရရှိနိုင်ရန်နှင့် လူအများသုံးစွဲနိုင်ရန် ထိရောက်ပြီး တိကျသော မူဝါဒများနှင့် မဟာဗျူဟာများ ချမှတ်ကျင့်သုံးရေးအတွက် အစိုးရများတွင် အပြုသဘောဆောင်သည့် တာဝန်ဝတ္တရားများရှိကြောင်း ဖော်ပြခဲ့သည်။

အင်တာနက်သုံးစွဲမှု လူ့အခွင့်အရေးဆိုင်ရာ မြှင့်တင်ဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ၂၀၁၆ ခုနှစ် ထုတ်ပြန်ချက်တစ်ခုတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၎င်းတို့အနေဖြင့် "အင်တာနက်မှ သတင်းအချက်အလက်များ ကို လက်လှမ်းမီ ရရှိနိုင်ခွင့်နှင့် ဖြန့်ဝေခွင့် တို့ကို ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်သော သို့မဟုတ် တားဆီးပိတ်ပင်သော လုပ်ရပ်များကို တညီတညွတ်တည်း ပြတ်ပြတ်သားသားရှုံ့ချကြောင်းနှင့် ထိုကဲ့သို့သော လုပ်ရပ်များကို နိုင်ငံအားလုံးက ရပ်တန့်ရန်နှင့် ရှောင်ကြဉ်ကြရန် တိုက်တွန်းကြောင်း" ထုတ်ပြန်ခဲ့သည်။

၂၀၁၉ခုနှစ် စက်တင်ဘာလတွင် လူ့အခွင့်အရေးကောင်စီက မြန်မာအစိုးရကို ရခိုင်ပြည်နယ်အတွင်း အင်တာနက်ဆက်သွယ်မှုကို ပြန်လည်ဖွင့်ပေးရန်နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ (၇၇) ကို ဖျက်သိမ်းရန် တိုက်တွန်းခဲ့သည်။

ဤထုတ်ပြန်ကြေညာချက်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားများ၊ လွတ်လပ်၍ ဘက်မလိုက်သော သတင်းသမားများနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ထိန်းချုပ်မှုမရှိ လွတ်လွတ်လပ်လပ် ထိတွေ့ဆက်ဆံ သွားလာနိုင်ရေးအတွက် ခွင့်ပြုရန် မြန်မာအစိုးရကို တိုက်တွန်းလိုက်သည်။

**လက်မှတ်ရေးထိုးသည့် အဖွဲ့အစည်းများ**

(၁) ASEAN Parliamentarians for Human Rights

(၂) All Arakan Students' and Youths' Congress

(၃) Alternative ASEAN Network on Burma (ALTSEAN- Burma)

(၄) Amnesty International

(၅) Arakan Information Center

(၆) Arakan Rivers Network

(၇) Arakka Foundation

(၈) ARTICLE 19

(၉) Athan

(၁၀) Burma Campaign UK

(၁၁) Burma Human Rights Network

(၁၂) Burma Task Force

(၁၃) Burmese Rohingya Organization UK

(၁၄) Chin Human Rights Organization

(၁၅) Christian Solidarity Worldwide

(၁၆) CIVICUS : World Alliance for Citizen Participation

(၁၇) FIDH – International Federation for Human Rights

(၁၈) Fortify Rights

(၁၉) Human Rights Watch

(၂၀) Justice For All

(၂၁) Karen Women’s Organization

(၂၂) Peace and Development Initiative – Kintha

(၂၃) Refugees International

(၂၄) Student Network

(၂၅) The Arakan Project

(၂၇) Robert F. Kennedy Human Rights

(၂၈) Synergy

(၂၉) Women Peace Network